Communication and Outreach Sub-Committee Meeting (Draft Version)

NCS Office - Yangon / 20 November 2017

Time: 13:00 – 15:00

Communications Manager ဒေါ်သင်းရတနာဆုမှ အစည်းအဝေးစတင်ဖွင့်လှစ်ကြောင်း ကြေညာခြင်းဖြင့် အစည်းအဝေးကို စတင်ခဲ့သည်။

EITI Video နှင့်ပတ်သက်ပြီး Montrose ကို ဆက်သွယ်သော်လည်း အကြောင်းမပြန်သဖြင့် EITI ရုံးချုပ်သို့ဆက်သွယ်မေးမြန်းခဲ့ကြောင်း၊ထိုမှတဆင့် EITI Standard နှင့် ပတ်သက်သော၊ BO နှင့်ပတ်သက်သော Video အတိုများကို ရရှိကြောင်း၊ အဖွဲ့ဝင်များကို ပြန်လည်ဝေမျှပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။

Website ပေါ်တွင် တ င်ရမည့် Meeting Minutes ကဲ့သို့သော စာတမ်းများကိုလည်း စုစည်းပြီးဖြစ်ကြောင်း၊ကိုးကြိမ်မြောက် MSG အစည်းအဝေးတွင် ဝေမျှနိုင်ရန်အတွက် EITI Standard မူကြမ်းကိုလည်း တက်ရောက်လာသူများ ပြန်လည်ဆန်းစစ်နိုင်ရန် ပေးပို့ပြီးဖြစ်ကြောင်း၊ ယခုအပတ်အတွင်း feedback များယူပြီး designer ကိုအပ်ကာ ထုတ်လုပ်မည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

APR နှင့်ပတ်သက်ပြီး ဘာသာပြန်ပြီးဖြစ်ကြောင်း၊ ဝင်းဖောင့်သုံးထားသဖြင့် စာလုံးပြန်စီကာ PDF ပြောင်းလဲပြီးယနေ့ (သို့) မနက်ဖြန် ဝေမျှပေးမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ Scoping Study နှင့် ပတ်သက်၍ ဒေါ်တာရာမောင်မှ တာဝန်ယူလုပ်ကိုင်နေပြီး Translation အဆင့်ပြီးစီးပြီ ဖြစ်ကြောင်း၊ နောက်အဆင့်လုပ်ကိုင်မည့် အဆင့်များ ကိုလည်း နောင်ဆက်တင်ပြပေးမည်ဖြစ်ကြောင်းဆွေးနွေးခဲ့သည်။

Contact database နှင့်ပတ်သက်ပြီး အဖွဲ့ဝင်များ (သို့) နီးနွယ်ပတ်သက်နေသူများနှင့် ဆက်သွယ်ရေးတွင်အဆင်ပြေချောမွေ့စေရန် Database တစ်ခုဖြင့် ပြုစုထားကြောင်း၊ ထို့အပြင် ကုမ္ပဏီများ၏ contact များကို လာမည့် အစီရင်ခံစာများအတွက် အထောက်အကူပြုနိုင်ရန် Database System တည်ဆောက်သိမ်းဆည်းသွားမည်ဖြစ်ကြောင်း တင်ပြခဲ့ပါသည်။

Press Conference နှင့် ပတ်သတ်ပြီး ၁၀လ ပိုင်း ၂ ရက်နေ့က အခမ်းအနားတစ်ခုပြုလုပ်ခဲ့ကြောင်း၊ ထို့ အပြင် Digital နှင့် Physical Library

ကိုလည်းပြုလုပ်မည်ဖြစ်ကြောင်းတင်ပြခဲ့သည်။ ထို့နောက် Communications ၏ အရေးပါသော အခန်းတစ်ရပ်ဖြစ်သော Monitoring and Evaluation ကိုလည်း ထည့်သွင်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ဥပမာ Websiteကို ဘယ်နစ်ယောက် ကြည့်ရှုသူ မည်မျှရှိကြောင်း စသည်ကဲ့သို့ အချက်များကို ထည့်သွင်း လုပ်ဆောင်သွားမည် ဖြစ်ကြောင်း တင်ပြခဲ့သည်။

IEC Materials များနှင့်ပတ်သက်၍ Report မတိုင်မီ အသုံးပြုရန် Pamphlet ၅၀၀၀ ထုတ်ပြီးပြီဖြစ်ကြောင်း၊ Report ထွက်ပြီးလျှင် ထပ်မံ ဖြည့်စွတ်သင့်သော Information အသစ်များကို ဖြည့်ဆည်းပြီး နောက် ၅၀၀၀ ထပ်ထုတ်မည်ဖြစ်ကြောင်းတင်ပြခဲ့သည်။ T-shirt နှင့်ပတ်သက်ပြီး ဆိုင်အပ်ထားပြီးဖြစ်ကြောင်း၊ လာမည့်အပတ်ရမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။ Website နှင့်ပတ်သက်၍လည်း October လမှစတင်အပ်ခဲ့သော်လည်း Reporting Template တွင်အားစိုက်ခဲ့ရသဖြင့် နောင့်နေးမှုများရှိကြောင်း သို့သော် ဒီဇင်ဘာလ ၂၈ရက်နေ့ စတင်လည်ပတ် သုံးစွဲနိုင်ရန် စီစဉ်ထားပြီဖြစ်ကြောင်းတင်ပြခဲ့သည်။

Implementation Manual ကိုလည်း ထုတ်ဝေရန်ရည်ရွယ်ထားသော်လည်း ၈ကြိမ်မြောက် MSG အစည်းအဝေးအရ ပြင်ဆင်စရာများရှိကြောင်း၊ လာမည့် Workplan and Governance Sub-Committee Meeting တွင် ဆွေးနွေးမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထို့နောက် ဒေါ်သင်းရတနာဆုမှ ၂၀၁၈ ခုနှစ် မတ်လအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ချင်သည့် လုပ်ငန်းများကို ဆက်လက်တင်ပြခဲ့သည်။

ပထမဦးစွာ MEITI Powerpoint Template လုပ်ကိုင်သင့်ကြောင်း၊ Presentation များလုပ်ရာတွင် တသတ်မတ်ရှိသော Powerpoint Template များရှိခြင်းဖြင့် MEITI ၏ Brand Reputation ကို မြင့်တင်နိုင်ကြောင်းဆွေးနွေးခဲ့သည်။
ဒုတိယတစ်ခုအနေဖြင့် MEITI ၏ အကြောင်းအရာများကို ညွှန်းပေးနိုင်သော Roll-up Banner များကို ပြုလုပ်သင့်ကြောင်း၊ MEITI ပွဲများ၊ awareness မြင့်တင်သည့်အချိန်များတွင် ထိုသို့ Banner များကို သုံးသင့်ကြောင်းဆွေးနွေးခဲ့သည်။

Poster များသည်လည်း ကာတွန်းများ၊ လှုပ်ရှားမှုပုံများ ထည့်သွင်းခြင်းဖြင့် ပိုမိုဆွဲဆောင်မှုရှိကြောင်း၊ ပြုလုပ်သင့်ကြောင်းဆွေးနွေးခဲ့သည်။
Newsletter ကိုလည်း ပြုလုပ်ရန်စီစဉ်ထားကြောင်း၊ Infographics များကိုလည်း ကိန်းဂဏန်းများနှင့် ပြသနိုင်ရန်ရည်ရွယ်ထားကြောင်း၊
အစီရင်ခံစာထုတ်ပြန်ပြီးအချိန်တွင် Press Conference နှင့်အတူ Infographics များကို ထုတ်လုပ်နိုင်လျှင် ပိုမိုကောင်းမွန်ကြောင်းတင်ပြခဲ့သည်။

Newsletter များထုတ်လုပ်ရာနှင့်ပတ်သက်၍ ပါဝင်ဆွေးနွေးကြရာတွင် Softcopy နှင့် Hardcopy ဟူ၍ခွဲခြားသင့်ကြောင်း၊ Softcopy ကို နှစ်လတစ်ခါ၊ Hardcopy ကို Activity ပေါ်မူတည်၍ ခြောက်လတစ်ခါ ထုတ်လုပ်သင့်ကြောင်း၊ Softcopy ထုတ်လုပ်ရာတွင် ပြင်ပမှ လင့်ခ်များကိုလည်းချိတ်ဆက်ပေးသင့်ကြောင်း နှင့် Meeting Minutes ကဲ့သို့ Website ပေါ်တွင် တင်ထားသော လင့်များကိုလည်းချိတ်ဆက်ပေးသင့်ကြောင်း၊ သို့သော် Hardcopy ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်ရှိသဖြင့် Work Plan and Governance Sub-committee တွင် တင်ပြသင့်ကြောင်း၊ Work Plan ထဲတွင် လျာထားပြီး ပိုမိုသည့် Budget များရှိသော်လည်း ယခုကဲ့သို့ Activity အသစ်များအတွက် သုံးစွဲ၍မရကြောင်း၊ Work Plan and Budget တွင်ပြန်လည်တင်ပြရမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။ Infographic များ Cartoon များနှင့် ပတ်သက်၍လည်း Copyright ကို သတိထားသင့်ကြောင်း ဦးဆန်းဝင်းမှ ဆွေးနွေးသည့်အပေါ် ပြင်ပ designer များကို အပ်မည်ဖြစ်ကြောင်း၊ Spectrum မှ လက်တွဲဖူးသော ကာတွန်းဆရာများသည်လည်း အဆင်ပြေကြောင်းဆွေးနွေးခဲ့ကြသည်။ ဦးမျိုးမင်းမှ Newsletter hardcopy ထုတ်လုပ်ခြင်းနှင့် ပတ်သက်ပြီး စာမျက်နှာ ၁ မျက်နှာမှ ၄ မျက်နှာထိရှိသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ဦးဆန်းဝင်းမှ activity အသစ်များနှင့်ပတ်သက်၍ Work Plan and Governance Sub-committee meeting တွင်တင်ပြရန် ကြိုတင်တွက်ထားပေးသင့်ကြောင်းအကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက်ဆက်လက်၍ ဒေါ်သင်းရတနာဆုမှ ဧကြိမ်မြောက် MSG Meeting မှ ထွက်ပေါ်လာသည့် Grievance Procedure ကို Work Plan တွင်ရေးဆွဲရန် တင်ပြခဲ့သည်။ Grievance Procedure ၏ ဖွင့်ဆိုချက်နှင့် လက်တွေ့ဥပမာများကို ရှင်းလင်းတင်ပြခဲ့သည်။ Grievance Procedure တွင်ထည့်သွင်းသင့်သော ရိုးရာအစဉ်အလာ၊ လက်လှမ်းမီနိုင်သော လုပ်ငန်းစဉ်၊ ပွင့်လင်းမြင်သာမှုများကိုလည်းတင်ပြဆွေးနွေးခဲ့သည်။ ထို့နောက် Grievance Procedure နှင့်ပတ်သက်၍ MPRL မှ ဦးမျိုးဇော်ဦးကို ကုမ္ပဏီတွင် ကျင့်သုံးနေသော အတွေ့အကြုံဝေမျှခဲ့သည်။ ထို့နောက် အလားတူကိစ္စရပ်များမပေါ်လာစေရန် အရပ်ဘက်အဖွဲ့အစည်းမှ ဖွဲ့စည်းပုံကို တင်ပြသင့်ကြောင်း၊ အသင်းအဖွဲ့ မှတ်ပုံတင်သင့်ကြောင်း၊ ဦးသက်နိုင်ဦးမှ ဆွေးနွေးပြောဆိုခဲ့သည်။ ဦးမျိုးမင်းမှ EITI နှင့်ပတ်သက်သော ကိစ္စရပ်များတွင် EITI ပလက်ဖောင်းနှင့် စပ်လျဉ်းသော အကြောင်းအရာများကိုသာ MEITI – MSG အနေဖြင့် တာဝန်ယူဆောင်ရွက်သင့်ကြောင်း၊ EITI သည် တခြားသဘာဝပတ်ဝန်းကျင်၊ ထုတ်ယူသုံးစွဲမှုကိစ္စရပ်များနှင့် တိုက်ရိုက်မဆက်နွယ်ကြောင်း၊ EITI လုပ်ငန်းစဉ်များကို ရှုပ်ထွေးသွားစေနိုင်ကြောင်းဆွေးနွေးခဲ့သည်။ EITI နှင့်ပတ်သတ်မည့် scope များကို ချမှတ်သင့်ကြောင်းဆွေးနွေးခဲ့သည်။ Scope နှင့်ပတ်သတ်၍ အရပ်ဘက်အဖွဲ့အစည်း၊ အစိုးရ၊ Private ကုမ္ပဏီများမှ မိမိနှင့်ပတ်သတ်သော Scope များကို ပြင်ဆင်လာသင့်ကြောင်း၊ ကိုးကြိမ်မြောက် MSG အစည်းအဝေးတွင် အစီအစဉ်တစ်ခုအနေနှင့်ထည့်သွင်းပေးသင့်ကြောင်း တင်ပြခဲ့သည်။ ဦးထွန်းပေါ်ဦးမှ လွှတ်တော်တွင် EITI, MEITI နှင့်ပတ်သတ်သော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြောင်းတင်ပြခဲ့သည်။ ရရှိသော အချိန်နည်းပါးခြင်းကြောင့်

EITI နှင့်ပတ်သတ်သော အကြောင်းအရာများအားလုံးကို မဆွေးနွေးဖြစ်ကြောင်း၊ လာမည့်လများတွင် ထပ်မံကျင်းပသင့်ကြောင်း အကြံပြုဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် အမေးအဖြေကဏ္ဍများကို အဓိကထား၍ ကျင်းပပြုလုပ်သင့်ကြောင်းဆွေးနွေးခဲ့သည်။ Ms.Shona မှ လွှတ်တော်တွင် ယခုကဲ့သို့ ကျင်းပနိုင်ရန် တစ်နှစ်ကြာစောင့်ဆိုင်းလိုက်ရကြောင်း၊ နောင်ယခုကဲ့သို့ ကျင်းပလိုလျှင် MSG အနေနှင့် ပြည်ထောင်စုလွှတ်တော်သို့ တရားဝင်စာပို့သင့်ကြောင်း အကြံပြု တင်ပြခဲ့သည်။ ဦးအောင်ခိုင်မှ BO နှင့် Mining Cadastre ကဲ့သို့သော ဥပဒေအချက်အလက်များကို agenda ပြင်ဆင်၍ လွှတ်တော်တွင်တင်ပြသင့်ကြောင်းဆွေးနွေးခဲ့သည်။ ဦးထွန်းပေါ်ဦးမှ ပြည်ထောင်စုလွှတ်တော်တစ်ခုလုံးဆိုလျှင် ကျယ်ပြန့်ကြောင်း၊ ပထမဦးဆုံးအဆင့်အနေနှင့် လွှတ်တော်ရေးရာကော်မတီများဖြစ်ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ၊ ဘဏ္ဍာရေးရာ၊ ဥပဒေကြမ်းရေးရာ ကော်မတီများနှင့် ဦးစွာတွေ့ဆုံသင့်ကြောင်းဆွေးနွေးခဲ့သည်။

တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း ၈ဖွဲ့နှင့် EITI awareness မြှင့်တင်နိုင်ရန် MSG တွင်တင်ပြသင့်ကြောင်းဆွေးနွေးခဲ့သည်။ MSG အစည်းအဝေးသို့ ဖိတ်ကြားခြင်းဖြင့် သော်လည်းကောင်း၊ ယင်းရုံးများသို့ သွားရောက် လေ့လာခြင်းဖြင့်သော်လည်းကောင်းလုပ်ဆောင်နိုင်ကြောင်း ဆွေးနွေးခဲ့သည်။ ဦးမျိုးမင်းမှ ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်မည်ကို ရှောင်ရှားသင့်ကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည်ပထမဦးစားပေးလုပ်ဆောင်သင့်ကြောင်း ဆွေးနွေးခဲ့သည်။ လွှတ်တော်တွင် EITI လုပ်ငန်းစဉ်များ တင်ပြဆွေးနွေးပြီးမှ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ ဆုံသင့်ကြောင်းလည်း ဆွေးနွေးခဲ့သည်။ SNU ဖွဲ့စည်းရေးနှင့်ပတ်သတ်၍ သမ္မတရုံးသို့ စာတင်ထားကြောင်း၊ ထိုကိစ္စနှင့်ပတ်သတ်၍ ဦးစိုးဝင်း နှင့် တွေ့ ဆုံခဲ့ပြီး ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ ဆက်လက်၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း၊ လိုအပ်လျှင် NCS သို့ ဆက်သွယ်တွေ့ဆုံမည်ဖြစ်ကြောင်း ဦးအောင်ခိုင်မှ တင်ပြခဲ့သည်။ Shona မှ EITI Report Launch ဘယ်အချိန်လုပ်မည်၊ ကြိုတင်စီစဉ်သင့်သည်ဟု ပြောကြားမှုနှင့်ပတ်သက်၍ မေးမြန်းခဲ့သည့်အပေါ် ဦးဆန်းဝင်းမှ ယခုအခြေအနေအနေဖြင့် အနည်းငယ်စောသေးသည်ဖြစ်ကြောင်း၊ Draft Report ထွက်ပြီးမှ MSG အဖွဲ့အဝင်များကို အစည်းအဝေးခေါ်၍ လုပ်ဆောင်သင့်ကြောင်း အကြံပေးဆွေးနွေးခဲ့သည်။ Shona မှ ယခင် Report Launch တွင် Budget ရှိသော်လည်း activity အနည်းငယ်သာရှိကြောင်း၊ လာမည့် Report Launch တွင် event တစ်ခုတည်းမပြုလုပ်ပဲ ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်သင့်ကြောင်း၊ ထိုသို့ လုပ်ဆောင်ရန်လည်း တစ်လ (သို့) နှစ်လ ကြိုတင်စီစဉ်သင့်ကြောင်း၊ ထိုမှသာ မြန်မာနိုင်ငံအနေဖြင့် Validation ရမည်ဖြစ်ကြောင်းဆွေးနွေးတင်ပြခဲ့သည်။ ဦးထူးအောင်မှလည်း Validation Process

တစ်ခုဖြစ်သည့် Public Debate များကို ပြုလုပ်သင့်ကြောင်းအကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် အစည်းအဝေးကို အဆုံးသတ်ခဲ့သည်။

**အစည်းအဝေးဆုံးဖြတ်ချက်များ**

| စဉ် | အကြောင်းအရာ | ဆောင်ရွက်မည့်သူ |
|---|---|---|
| ၁ | Communications နှင့်ပတ်သတ်သော New Activity များကို ကုန်ကျစရိတ် စာရင်းပြုစုသတ်မှတ်၍ လာမည့် Work Plan and Governance Sub-Committee Meeting တွင် တင်ပြရန် | NCS |
| ၂ | Newsletter Softcopy နှစ်လတစ်ကြိမ်၊ Hardcopy ခြောက်လတစ်ကြိမ် စာမျက်နှာ ၁မျက်နှာမှ လေးမျက်နှာထိ activity ပေါ်မူတည်၍ထုတ်ရန်၊ Hardcopy ထုတ်ရန် Work Plan and Governance Sub-committee သို့တင်ပြရန် | NCS |
| ၃ | Griveance Procedure နှင့်ပတ်သတ်၍ သုံးပွင့်ဆိုင် အဖွဲ့အစည်းဆီမှ သက်ဆိုင်ရာကဏ္ဍအလိုက် ထည့်သွင်းမည့် Scope များရယူရန်၊ MSG တွင် တင်ပြဆွေးနွေးရန် | NCS |
| ၄ | လွှတ်တော်တွင် EITI Awareness နှင့်ပတ်သက်ပြီး လွှတ်တော်ရေးရာကော်မတီများနှင့် ကနဦးတွေ့ဆုံရန်၊ MSG တွင် အတည်ပြုချက်ရယူရန် | |
| ၅ | EITI လုပ်ငန်းစဉ် နှင့်ပတ်သက်၍ လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လွှတ်တော်အပြီး တွေ့ဆုံရန်၊ MSG တွင်တင်ပြရန် | |
| ၆ | Report Launch လုပ်ရန် Draft Report ထွက်အပြီး ကြိုတင် ရေးဆွဲရန် | NCS |
| ၇ | EITI နှင့် ပတ်သက်သည့် အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ် ဘာသာပြန်ရာတွင် တသတ်မတ်တည်းရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ တရားဝင်ထုတ်ပြန်ထားသော Terms and Vocubulary တို့ကို ဝန်ကြီးဌာနများထံ တရားဝင်စာထွက်တောင်းဆိုရန် | NCS |

Participant Lists

| NO. | NAME | ORGANIZATION | EMAIL | PHONE NUMBER | Remark |
|---|---|---|---|---|---|
| 1 | U Thet Naing Oo | GAD | | | Alternative to U Aye Mg Kyi |
| 2 | U Myo Naing | MGE | myonaingmge@gmail.com | 09400016741 | |
| 3 | U Soe Yee | MTE | Soeyee.mte@gmail.com | 095132242 | |
| 4 | U Naing Lin Htut | MATA | Linlin751245@gmail.com | 09422500088 | |
| 5 | U Saw Mi Bway Doh Htun | MATA | | | Alternative to U Ag Phyo Kyaw |
| 6 | U Myo Min | MFPMF | Myomin1960@gmail.com | 09254136228 | |
| 7 | Dr Thandar Ag | MFMA | Tda.aks@gmail.com | 09972993907 | |
| 8 | U Myo Zaw Oo | MPRL | Myo.z.oo@gmail.com | 095195595 | |
| 9 | U Win Than Tun | | | | Alternative to U Si Thu Myat |
| 10 | Daw Tinzar Htun | World Bank | thtun@worldbank.org | 09260007519 | |
| 11 | Ms Shona Kirkwood | World Bank | | 0945237175 | |
| 12 | Daw Khin Khin Lwin | MOBD | khinkhinlwinjn@gmail.com | 067410533 | |
| 13 | U Pyay Thar Kyaw | NCS | Pyaythar.meiti@gmail.com | 09425847447 | |
| 14 | Daw Thin Thin Aung | MOBD | Ttaung11@gmail.com | 067410580 | |
| 15 | Daw Hnin Wai Aung | MOBD | Hninwaiaung.budget@gmail.com | 09254289454 | |
| 16 | U Htoo Aung | MATA | Mata.communication@gmail.com | 09264141929 | |

| | | | | | |
|---|---|---|---|---|---|
| 17 | U Htun Paw Oo | NCS | Uhtunpawoo51@gmail.com | 095031350 | |
| 18 | U Aung Khine | NCS | | 095-18716 | |
| 19 | Thin Yadanar Su | NCS | communication@myanmareiti.org | 09 509 3306 | |